

# MPT SIM Card မှတ်ပုံတင်ခြင်း နည်းလမ်းများ

မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များသည် မိမိနာမည်၊ မိမိမှတ်ပုံတင် ဖြင့် မှတ်ပုံတင်ထား ခြင်း ဟုတ်၊ မဟုတ်ကို ***601#** သို့ခေါ်ဆို၍ ပြန်လည်စိစစ်ရန်။

## (၁) Website မှ တိုက်ရိုက်မှတ်ပုံတင်ခြင်း





(၁-၁) *601# ကိုနှိပ်ပါ

(၁-၂) Message ကို လက်ခံရရှိပါမည်။

(အချက်အလက်များမှန်ကန်မှုမရှိပါက ပေးထားသော Link ထဲ တိုက်ရိုက်ဝင်ပါ )

(အင်တာနက်ဖွင့်ထားရန်)

(၁-၃) ဆင်းကတ်မှတ်ပုံတင်ပြုလုပ်ပုံအဆင့်ဆင့်




မှတ်ပုံတင်ပြုလုပ်မည့်သူ၏ အမည်ကို ထည့်သွင်းပေးပါ။

မြန်မာကို ရွေးပေးပါ (နိုင်ငံခြားသား ဖြစ်ပါက အခြားကို ရွေးပေးပါ)

မှတ်ပုံတင်နံပါတ် ကို ထည့်ပေးပါ (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက Passport Number ကို ထည့်ပေးပါ။

သက်သေခံကတ်ပြား(မှတ်ပုံတင်)၏ ရှေ့/ နောက် မျက်နှာပြင်များကို ဓါတ်ပုံရိုက်၍ ထည့်ပေးပါ။

အဖအမည် ရိုက်ထည့်ပေးပါ။

တင်သွင်းသည်ကို နှိပ်ပါ.


*အတည်ပြုရန်အတွက် * ပြထားသောနေရာတွင် လိုအပ်သည်များကို မဖြစ်မနေဖြည့်သွင်းရမည် ဖြစ်သည်။)*

(၁-၄) **"အောင်မြင်စွာပြင်ဆင်ပြီးဖြစ်ပါသည်"** စာတိုပေါ်လာမည်ဖြစ်သည်။

## (၂) MPT 4 U App ကို  အသုံးပြု၍ မှတ်ပုံတင်ခြင်း

### (၂-၁) Install ပြုလုပ်ခြင်း

*4040# ကိုခေါ်ဆိုပြီး MPT4UApp ကို ရယူလိုက်ပါ။ (သို့မဟုတ်) Play Store/ Apple Store မှ MPT 4 U ကို Download ရယူပါ။





*App ထည့်သွင်းခြင်းအဆင့် ပြီးမြောက်ပြီ ဖြစ်ပါသည်။*


## (၂-၂) Sim Registration ပြုလုပ်ပုံအဆင့်ဆင့်

(၁) MPT4UApp ကို ဖွင့်ပါ။


(၂) ဘာသာစကား(အင်္ဂလိပ်/ မြန်မာ) ရွေးချယ်ပေးပါ။





(၃) ညာဘက်ထောင့်ရှိ ကျွန်ုပ် ကို နှိပ်ပါ



(၄) ကိုယ်ရေးအချက်အလက်ကို နှိပ်ပါ






မှတ်ပုံတင်ပြုလုပ်မည့်သူ၏ အမည်ကို ထည့်သွင်းပေးပါ။

မြန်မာကို ရွေးပေးပါ (နိုင်ငံခြားသား ဖြစ်ပါက အခြားကို ရွေးပေးပါ)

မှတ်ပုံတင်နံပါတ် ကို ထည့်ပေးပါ (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက Passport Number ကို ထည့်ပေးပါ။

သက်သေခံကတ်ပြား(မှတ်ပုံတင်)၏ ရှေ့/ နောက် မျက်နှာပြင်များကို ဓါတ်ပုံရိုက်၍ ထည့်ပေးပါ။

အဖအမည် ရိုက်ထည့်ပေးပါ။

တင်သွင်းသည်ကို နှိပ်ပါ.

*အတည်ပြုရန်အတွက် * ပြထားသောနေရာတွင် လိုအပ်သည်များကို မဖြစ်မနေဖြည့်သွင်းရမည် ဖြစ်သည်။)*

(၅) **“အောင်မြင်စွာပြင်ဆင်ပြီးဖြစ်ပါသည်”** စာတိုပေါ်လာမည်ဖြစ်သည်။

## (၃) **MPT Ownshop များ နှင့် MPT Branded Shop များတွင် မှတ်ပုံတင်ခြင်း**

မိမိတို့နှင့်နီးစပ်ရာ MPT Ownshop များ နှင့် MPT Branded Shop သို့ သွားရောက် မှတ်ပုံတင်မည်ဆိုပါက အောက်ဖော်ပြပါ အချက်များ ယူဆောင်သွားရမည်-

(၁) မှတ်ပုံတင်ပြုလုပ်မည့် Sim Card

(၂) မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသော သက်သေခံလက်မှတ် (နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ် ခံရမည့်သူ၏သက်သေခံကတ်ပြား) နှင့် နိုင်ငံခြားသားများအတွက် Passport မူရင်း။

(၃) အပိုဒ်(ခ)ပါသက်သေခံလက်မှတ်ကတ်ပြားဓာတ်ပုံ(ရှေ့/နောက်)နှင့် နိုင်ငံခြားသား များ အတွက်ဓာတ်ပုံနှင့် Passport နံပါတ်ပါဝင်သော စာမျက်နှာဓာတ်ပုံ။

## **(၄) အခြားသောနည်းလမ်းများဖြင့် မှတ်ပုံတင်ခြင်း**

၁) MPT ၏ Customer Self-care ဝက်ဘ်ဆိုက်ဖြစ်သည့် care.mpt.com.mm
၂) MPT Call Centre ဖြစ်သည့် 106 သို့ ခေါ်ဆို၍ SIM Card မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး အသေးစိတ် မေးမြန်းနိုင်မည်ဖြစ်သည်။

မိုဘိုင်းလ်ဖုန်းသုံးစွဲသူများသည် SIM Card များကို မိမိနာမည်၊ မိမိမှတ်ပုံတင်ကတ်များဖြင့် အချက်အလက်ပြည့်စုံမှန်ကန်စွာဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့နောက်ဆုံးထား မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပြီး ***နိုင်ငံသားစိစစ်ရေးကတ်*** ၁ ခုလျှင် အော်ပရေတာတစ်ခုထံမှ SIM Card (၂)ခုသာ ဝယ်ယူကိုင်ဆောင်နိုင်မည် ဖြစ်ပါသည်။